“ ပွင့်လင်းမြင်သာ တာဝန်ယူပါ ”

# အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ နှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ




၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

Summit Parkview Hotel, Yangon

## မာတိကာ

၁။ အလုပ်ရုံဆွေးနွေးပွဲ အကြောင်းအရာ အကျဉ်းချုပ် ..... 2

၂။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက် ..... 2

၃။ အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များ ..... 3

၄။ ကာလ နှင့် ကျင်းပသည့်နေရာ ..... 3

၅။ ဆွေးနွေးပွဲသို့ တက်ရောက်သူများ ..... 3

၆။ ဆွေးနွေးပွဲ အစီအစဉ် ..... 3

၇။ အလုပ်ရုံ ဆွေးနွေးပွဲနေ့ (၁၈-၉-၂၀၁၇) ..... 4

၇.၁။ ကြိုဆိုနှုတ်ခွန်းဆက်သခြင်း၊ မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း (ဦးထွန်းပေါ်ဦး၊ Technical Specialist at NCS) ..... 4

၇.၂။ အီးအိုင်တီအိုင်အကြောင်းသိနားလည်စေရန် နှင့် ၄င်း၏ လုပ်ငန်းစဉ် (အချိန်ဇယား) အား ရှင်းလင်းတင်ပြခြင်း (ဦးဆန်းဝင်း) ..... 5

၇.၃။ EITI လုပ်ငန်းစဉ်၊ အစီရင်ခံစာအချိန်ဇယား နှင့် အဆင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်) ..... 6

၇.၄။ ပထမအကြိမ် EITI အစီရင်ခံစာအပေါ် အကြံပြုတိုက်တွန်းချက်များအား ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်) ..... 9

၈။ နောက်ဆက်တွဲများ ..... 15

၈.၁။ နောက်ဆက်တွဲ (၁) အခမ်းအနားအစီအစဉ် ..... 15

## ၁။ အလုပ်ရုံဆွေးနွေးပွဲ အကြောင်းအရာ အကျဉ်းချုပ်

အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ၏ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကျောက်မျက် ကျောက်စိမ်းကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ သတ္တုတွင်းလုပ်ငန်းမှ ကိုယ်စားလှယ်များ၊ ရေနံ နှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်များ နှင့် ဖက်စပ်သစ်တောလုပ်ငန်းမှ ကိုယ်စားလှယ် နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် MEITI-NCS ရုံးမှ တာဝန်ရှိသူများတို့ တက်ရောက်ခဲ့ကြပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍမှ မြန်မာနိုင်ငံ၏ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တစ်ခုလုံးကို သိရှိနားလည်နိုင်စေရန်၊ နယ်ပယ်သတ်မှတ်လေ့လာခြင်း အစီရင်ခံစာကိုဆန်းစစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် နှင့် Reconciliation အစီရင်ခံစာအတွက် အချိန်တိုအတွင်းပံ့ပိုးမှုများပြုလုပ်နိုင်ပြီး သတင်းအချက်အလက်များ ကောက်ယူရာတွင် အဆင်ပြေချောမွေ့မှုများ ရှိစေရန်အတွက် အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားရှိနိုင်ရန်တို့ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကာလ တစ်ရက်တာအတွင်း အီးအိုင်တီအိုင်အကြောင်းသိနားလည်စေရန် နှင့် ၎င်း၏ လုပ်ငန်းစဉ် (အချိန်ဇယား) အား ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၆ အီးအိုင်တီအိုင် စံနှုန်းများအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ပထမအကြိမ် MEITI အစီရင်ခံစာအတွက် အကြံပြုချက်များအား ရှင်းလင်းတင်ပြခြင်း နှင့် ယခုနှစ်တွင် ဆုံးဖြတ်အတည်ပြုထားသည့် ထည့်သွင်းမည့်အချက်များအား တင်ပြဆွေးနွေးခြင်း နှင့် ကြိုတင်ပြင်ဆင်မှု များအတွက် ညှိနှိုင်းခြင်း နှင့် ဆက်သွယ်ရမည့် ကိုယ်စားလှယ်များ စာရင်းရယူခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ ရလဒ်များအနေဖြင့် မြန်မာနိုင်ငံ၏ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တစ်ခုလုံးကို သယံဇာတအရင်းအမြစ်များတူးဖော်ထုတ်လုပ်ရောင်းချမှုများတွင် ပါဝင်နေသည့် ကုမ္ပဏီများအား သိရှိနားလည်အောင် ရှင်းလင်းတင်ပြနိုင်ခဲ့ခြင်း၊ ယခုနှစ်တွင် ဒုတိယအကြိမ်အစီရင်ခံစာ၌ ဆုံးဖြတ်အတည်ပြုထားသည့် ထည့်သွင်းမည့်အချက်များအား တင်ပြဆွေးနွေးခြင်း၊ ကြိုတင်ပြင်ဆင်မှုများအတွက် ညှိနှိုင်းခြင်း နှင့် ကုမ္ပဏီအသီးသီးမှ ဆက်သွယ်ရမည့် ကိုယ်စားလှယ်များစာရင်းတို့ကို ရယူနိုင်ခဲ့ခြင်းတို့ကြောင့် အောင်မြင်ခဲ့သောအလုပ်ရုံဆွေးနွေးပွဲတစ်ခုပင်ဖြစ်ပါသည်။

## ၂။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်

အလုပ်ရုံဆွေးနွေးပွဲကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

- မြန်မာနိုင်ငံ၏ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တစ်ခုလုံးကို သိရှိနားလည်နိုင်စေရန်၊
- နယ်ပယ်သတ်မှတ်လေ့လာခြင်း အစီရင်ခံစာကိုဆန်းစစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် နှင့်

- Reconciliation အစီရင်ခံစာအတွက် အချိန်တိုအတွင်းပံ့ပိုးမှုများပြုလုပ်နိုင်ပြီး သတင်းအချက်အလက်များ ကောက်ယူရာတွင် အဆင်ပြေချောမွေ့မှုများ ရှိစေရန်အတွက် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိနိုင်ရန်။

## ၃။ အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များ

အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- မြန်မာနိုင်ငံ၏ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တစ်ခုလုံးကို သိရှိနားလည်နိုင်စေခြင်း
- နယ်ပယ်သတ်မှတ်လေ့လာခြင်း အစီရင်ခံစာကိုဆန်းစစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ခြင်း
- Reconciliation အစီရင်ခံစာအတွက် အချိန်တိုအတွင်းပံ့ပိုးမှုများပြုလုပ်နိုင်ပြီး သတင်းအချက်အလက်များ ကောက်ယူရာတွင် အဆင်ပြေချောမွေ့မှုများ ရှိစေရန်အတွက် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိနိုင်ခြင်း

## ၄။ ကာလ နှင့် ကျင်းပသည့်နေရာ

အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၅။ ဆွေးနွေးပွဲသို့ တက်ရောက်သူများ

အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား သိနားလည်စေခြင်း နှင့် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ် ၂ နှစ်စာ Reconciliation အစီရင်ခံစာကို ပြင်ဆင်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ၏ သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကျောက်မျက်ကျောက်စိမ်းကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ သတ္တုတွင်းလုပ်ငန်းမှ ကိုယ်စားလှယ်များ၊ ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်များ နှင့် ဖက်စပ်သစ်တောလုပ်ငန်းမှ ကိုယ်စားလှယ် နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် MEITI-NCS ရုံးမှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၁၇၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## ၆။ ဆွေးနွေးပွဲ အစီအစဉ်

အလုပ်ရုံဆွေးနွေးပွဲ တစ်ရက်တာကာလအတွင်း အဓိကအားဖြင့် အီးအိုင်တီအိုင်အကြောင်းသိနားလည်စေရန် နှင့် ၎င်း၏ လုပ်ငန်းစဉ် (အချိန်ဇယား) အား ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၆ အီးအိုင်တီအိုင် စံနှုန်းများအကြောင်း

ရှင်းလင်းတင်ပြခြင်း၊ ပထမအကြိမ် MEITI အစီရင်ခံစာအတွက် အကြံပြုချက်များအား ရှင်းလင်းတင်ပြခြင်း နှင့် ယခုနှစ်တွင် ဆုံးဖြတ်အတည်ပြုထားသည့် ထည့်သွင်းမည့်အချက်များအား တင်ပြဆွေးနွေးခြင်း နှင့် ကြိုတင်ပြင်ဆင်မှု များအတွက် ညှိနှိုင်းခြင်း နှင့် ဆက်သွယ်ရမည့် ကိုယ်စားလှယ်များ စာရင်းရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အစီအစဉ် အသေးစိတ်ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၇။ အလုပ်ရုံ ဆွေးနွေးပွဲနေ့ (၁၈-၉-၂၀၁၇)

### ၇.၁။ ကြိုဆိုနှုတ်ခွန်းဆက်သခြင်း၊ မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း (ဦးထွန်းပေါ်ဦး၊ Technical Specialist at NCS)

ဦးထွန်းပေါ်ဦးမှ ပထမဦးစွာ အလုပ်ရုံဆွေးနွေးပွဲသို့ စုံလင်စွာ တက်ရောက်ပေးကြသည့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်သပါကြောင်း နှင့် ကျေးဇူးတင်ရှိပါကြောင်း၊ EITI လုပ်ငန်းဟာ သဘာဝအရင်းအမြစ်များအား ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိစွာ စီမံခန့်ခွဲနိုင်ရေး အားပေးအားမြှောက်ပြုရန် အတွက် ကမ္ဘာ့စံသတ်မှတ်ချက်တစ်ခုဖြစ်ပါတယ်။




မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေးပြောင်းလဲမှုဖြစ်စဉ်များတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်စေရန်အတွက် တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုများအတွက် လက်တွေ့အကျိုးရှိပြီး နောင်လာနောင်သားများအတွက် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုဖြစ်စေရန်တို့အတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်မည်ဆိုတဲ့ ရည်ရွယ်ချက်များဖြင့် EITI လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တွင်းထွက်သယံဇာတအရင်းအမြစ်

တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative- EITI) လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်ကတည်းကစတင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ၎င်းမှ မြန်မာနိုင်ငံ EITI ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာအတွက် လျာထားသတ်မှတ်ထားတဲ့ လုပ်ငန်းဇယားအတိုင်း အချိန်မီပြီးစီးရေး နှင့် အရည်အသွေးပြည့်မီသည့် အစီရင်ခံစာထွက်ရှိရန်အတွက် အကျိုးဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာ ဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေချင်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲကို MEITI လုပ်ငန်းစဉ်တွင် ပါဝင်နေသော ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ အနေဖြင့် MEITI လုပ်ငန်းစဉ်၊ အစီရင်ခံစာ အချိန်ဇယား နှင့် MEITI 2016 စံနှုန်းအကြောင်း ကို သိနားလည်စေရန်၊ Scoping Study အစီရင်ခံခြင်းအပေါ် ပြန်လည်ဆန်းစစ်မှုဆောင်ရွက်ခြင်း အဆင်သင့် ဖြစ်နေစေရန်၊ ဒေတာစုဆောင်းခြင်း၊ အချိန်ဇယားအတိုင်း အရည်အသွေးမီသော ကိန်းဂဏန်း အချက်အလက် များကို အချိန်မီရရှိရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းနောက် ဦးထွန်းဖေါ်ဦးမှ ပုဂ္ဂလိကကဏ္ဍမှ တက်ရောက်လာကြသည့် သတ္တုကဏ္ဍ၊ ရေနံ နှင့် သဘာဝဓါတ်ငွေ့ နှင့် ကျောက်မျက်ကဏ္ဍ နှင့် ဖက်စပ်သစ်တောကဏ္ဍမှ ကိုယ်စားလှယ်များအား မိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ၇.၂။ အီးအိုင်တီအိုင်အကြောင်းသိနားလည်စေရန် နှင့် ၎င်း၏ လုပ်ငန်းစဉ် (အချိန်ဇယား) အား ရှင်းလင်း တင်ပြခြင်း (ဦးဆန်းဝင်း)

ဦးဆန်းဝင်းမှ မြန်မာနိုင်ငံအီးအိုင်တီအိုင်လုပ်ငန်းစဉ်၏ နောက်ခံသမိုင်းကြောင်းများကို ရှင်းလင်းတင်ပြရာတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂) ဖြင့် MEITI Leading Authority ကိုဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းလျှောက်လွှာအား နိုင်ငံတစ်ကာအီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ ပေးပို့ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁-၂ ရက်နေ့တွင် နိုင်ငံတကာ အီးအိုင်တီအိုင်ဘုတ်အဖွဲ့အစည်းအဝေးမှ မြန်မာနိုင်ငံကို ၄၅ နိုင်ငံမြောက် အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ကြေငြာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အီးအိုင်တီအိုင်အစီရင်ခံစာကို နိုင်ငံတကာ အီးအိုင်တီအိုင် အတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လတွင် အစိုးရအပြောင်းအလဲတွင် ဖျက်သိမ်းခဲ့သည့် MEITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတကာအီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ ဒုတိယနှင့်တတိယအကြိမ် အီးအိုင်တီအိုင်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တင်ပြခွင့် ပြုရန် လျှောက်ထားခဲ့ကြောင်း

နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအီးအိုင်တီအိုင်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။



ယင်းနောက် ၎င်းမှ ဘဏ္ဍာရေးနှစ်နှစ်စာပါဝင်သည့် ဒုတိယအကြိမ်အစီရင်ခံစာထွက်ရှိရန် စီစဉ်ထားသည့် အချိန်ဇယားအကြောင်း အနည်းငယ်ရှင်းလင်းတင်ပြခဲ့ပြီး အီးအိုင်တီအိုင်လုပ်ငန်းစဉ်ကို ရေရှည်တည်တံ့စေရေး အတွက်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းကိုဆောင်ရွက်ခြင်းအားဖြင့် အစိုးရပိုင်းအနေဖြင့် သယံဇာတစီမံ အုပ်ချုပ်ရေးယန္တရားကောင်းမွန်လာခြင်း နှင့် ယုံကြည်မှုတိုးပွားမှုကိုဖြစ်စေကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် လည်း တည်ငြိမ်သောရင်းနှီးမြှုပ်နှံမှုဆီသို့ ဦးတည်သွားစေကြောင်း နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့်လည်း ဒေသခံအကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။
၎င်းအပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် Corruption Perceptions Index အရ ၁၇၄ နိုင်ငံတွင် ၁၇၂ အဆင့်ရှိပြီး ၂၀၁၃ ခုနှစ်တွင် ၁၅၇ အဆင့်သို့ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း နှင့် တင်းပြည့်အဖွဲ့ဝင်လောင်းဖြစ်ခြင်း/မဖြစ်ခြင်းတို့တွင် ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များကို ရှင်းလင်းတင်ပြ ခဲ့ပါသည်။

## ၇.၃။ EITI လုပ်ငန်းစဉ်၊ အစီရင်ခံစာအချိန်ဇယား နှင့် အဆင့်များအကြောင်း ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်)

ဒေါ်တာရာမောင်မှ မြန်မာနိုင်ငံအနေဖြင့် ဘာကြောင့် EITI နိုင်ငံတစ်ကာစံနှုန်းကို ကျင့်သုံးရလဲနှင့် စပ်လျဉ်း၍ ၂၀၁၀ ခုနှစ် မြန်မာ့ပို့ကုန်တန်ဖိုး၏ ရာခိုင်နှုန်းအများစုမှာ သယံဇာတအရင်းအမြစ်များ ထုတ်ယူရောင်းချခြင်းမှ ရရှိကြောင်း၊ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုဆိုင်ရာ ခွင့်ပြုမိန့်များအနေဖြင့် ၂၀၁၃ ခုနှစ်

အောက်တိုဘာလတွင် ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ ၁၆ ကွက်လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လတွင် ကမ်းလွန်ရေနံလုပ်ကွက်များ အကွက် ၂၀ လုပ်ကိုင်ခွင့်ပြုခဲ့ပြီး လက်ရှိကာလအထိ သတ္တုတွင်းလုပ်ငန်း ခွင့်ပြုမိန့်ပေါင်း (အကြီးစားခွင့်ပြုမိန့်၊ အသေးစားခွင့်ပြုမိန့်၊ လက်လုပ်လက်စား ခွင့်ပြုမိန့်ပေါင်း) ၂၃၂၄ ကွက်ကို လုပ်ကိုင်ခွင့်ပေးထားကြောင်း၊ ၂၀၁၂ ခုနှစ် Transparency Internatinal ၏ CPI ဆန်းစစ်ချက်အရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၇၄ နိုင်ငံတွင် ၁၇၂ အဆင့်သာရှိကြောင်း နှင့် ယင်းတို့ကြောင့် မြန်မာနိုင်ငံအပါအဝင် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများအနေဖြင့် သဘာဝသယံဇာတ ကျိန်စာသင့်ခြင်းလား (သို့) သဘာဝမှပေးသော ဆုလာဘ်လား ဆုံးဖြတ်သင့်ပြီဖြစ်ကြောင်း၊ သယံဇာတအရင်းအမြစ်များကို ကောင်းမွန်စွာ စီမံအုပ်ချုပ်မှုမရှိလျှင် သယံဇာတကြွယ်ဝသော နိုင်ငံများသည် သယံဇာတမရှိသည့်နိုင်ငံများထက် လေးဆခန့်နောက်ကျသည်ကို ၁၉၇၀-၁၉၉၃ ခုနှစ်အတွင်း လေ့လာဆန်းစစ် ချက်များအရတွေ့ရကြောင်း၊ သဘာဝသယံဇာတ စီမံခန့်ခွဲအုပ်ချုပ်ရာတွင် အစိုးရ နှင့် ပြည်သူ့ကဏ္ဍအဖွဲ့အစည်းအများ၌ စွမ်းဆောင်ရည်ရှိရန်၊ ပွင့်လင်းမြင်သာမှုရှိစွာ နှင့် တာဝန်ယူမှု/ခံမှု ရှိစွာ စီမံခန့်ခွဲရန် နှင့် ပတ်သက်သူများအားလုံးပါဝင်ရန် အရေးကြီးကြောင်း နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းမှ EITI ကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရ၏ အုပ်ချုပ်မှု ယန္တယားအား ပိုမိုအားကောင်းစေပြီး ကောင်းမွန်သောအစိုးရဖြစ်ပေါ်ရေးအားထုတ်မှုကို အထောက်အကူပြုစေခြင်း၊ ပွင့်လင်းမြင်မှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းအပေါ် နိုင်ငံတကာ၏ လက်ခံ၊ ထောက်ခံမှုကို ရရှိနိုင်ခြင်း၊ သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်ရေး နှင့် ပတ်သက်သော သတင်းအချက်အလက်များကို တစ်နေရာတည်းတွင်ရရှိနိုင်ခြင်း၊ အစိုးရ၏ သဘာဝ သယံဇာတ နှင့်ဆက်စပ်သော အခွန်ကောက်ယူမှု အရည်အသွေးအား ပိုမိုမြင့်မားစေပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အားကောင်းစေခြင်း၊ အစိုးရ၊ ကုမ္ပဏီများနှင့် လူထုအခြေပြုအဖွဲ့များအကြားတွင် တည်တံ့ခိုင်မြဲသော နားလည်မှု၊ ယုံကြည်မှုတည်ဆောက်ရန် အထောက်အကူပြုစေပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုမ္ပဏီများ၏ အခန်းကဏ္ဍကို ပိုမို အသိအမှတ်ပြုလာခြင်း နှင့် ကုမ္ပဏီများအတွက် တည်ငြိမ်သောရင်းနှီးမြုပ်နှံမှု ပတ်ဝန်းကျင်ကိုဖန်တီးပေးပြီး လက်ခံကျင့်သုံးသော နိုင်ငံအတွင်းသို့ အရည်အသွေးမြင့်မားသော နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများဆွဲဆောင်ရာတွင် အထောက်အကူပြုခြင်းတို့ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများဟု ဆိုရာတွင် ပါဝင်သည့် အဆင့်များအကြောင်း၊ ယင်းတို့ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များထုတ်ပြန်ရန် နှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာရန်လိုအပ်ကြောင်း၊ EITI အစီရင်ခံစာတွင် ပါဝင်သည့်အချက်များအကြောင်းကို ရုပ်ပုံများဖြင့် ရှင်းလင်းခဲ့ပြီး လက်ရှိ EITI လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေသည့်ပုံစံကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ၎င်းမှ EITI လုပ်ငန်းစဉ်အချိန်ဇယားအကြောင်း၊ မြန်မာနိုင်ငံ EITI တည်ဆောက်ပုံ နှင့်

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ အဓိကပါဝင်ထိန်းကျောင်းရန်လိုသော လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။



ပထမအစီရင်ခံစာ၏ အကြံပြုချက်များအပေါ်မူတည်ပြီး ယခုနှစ်အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီအရေအတွက် တိုးလာခြင်းဖြစ်ကြောင်း၊ Material Threshold ကို အောက်တိုဘာလ ၂ ရက်နေ့တွင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ပထမအစီရင်ခံစာကို ၂၀၁၃ EITI စံနှုန်းအတိုင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် EITI အစီရင်ခံစာသည် ၂၀၁၆ စံနှုန်းကို လိုက်နာရမည်ဖြစ်ကြောင်း၊ ၂၀၂၀ တွင် ၂၀၂၀ စံနှုန်အသစ်ထွက်မည်ဖြစ်ကြောင်း နှင့် EITI စံနှုန်းတွင် ပါဝင်သည့်ကဏ္ဍများအကြောင်း နှင့် လိုအပ်ချက်များ (၈) ချက်အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။

EITI လုပ်ငန်းစဉ်တွင် တစ်နှစ်လျှင် အစီရင်ခံစာ (၂) စောင်တင်ရကြောင်း၊ EITI အစီရင်ခံစာ နှင့် Annual Progress Report (APR) ဟုခေါ်သည် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာကို တင်သွင်းရကြောင်း၊ APR ကို consultation process ဖြင့် ဇူလိုင်လတွင် တင်သွင်းရမည်ဖြစ်သော်လည်း မတင်သွင်းနိုင်သေးသည့်အတွက် extension တောင်းထား ကြောင်း နှင့် လာမည့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးတွင် ယင်းကိုအတည်ပြုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

၂၀၁၆ စံနှုန်းအရ Beneficial ownership ပါလာကြောင်း၊ ကြိုတင်ပြင်ဆင်သည့်အဆင့် အနေဖြင့်ပါဝင်မည်ဖြစ်ကြောင်း နှင့် ၂၀၂၀ ခုနှစ်တွင် compulsory မပါမနေရပါဝင်ရမည်ဖြစ်ကြောင်း၊ BO အဓိပ္ပာယ်ကိုဖွင့်ဆိုပြီး Roadmap တင်သွင်းရကြောင်း၊ BO consultant ကိုငှားရမ်းထားသော်လည်း

မစနိုင်သေးသောကြောင့် MSG မှ working definition ကို ဖွင့်ဆိုထားကြောင်း၊ ယင်းသည် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခုနှစ်တို့အတွက် ၂ နှစ်စာအတွက်သာ အကျုံးဝင်ပြီး international consultant ရောက်ရှိလာပါက မြန်မာနိုင်ငံ၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့် ကိုက်ညီသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖွင့်ဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## ၇.၄။ ပထမအကြိမ် EITI အစီရင်ခံစာအပေါ် အကြံပြုတိုက်တွန်းချက်များအား ရှင်းလင်းတင်ပြခြင်း (ဒေါ်တာရာမောင်)

ဒေါ်တာရာမောင်မှ ပထမအကြိမ်အစီရင်ခံစာအပေါ်မူတည်ပြီး အကြံပြုချက် ၁၄ ချက်ထွက်ရှိပြီး ဖြစ်သည့်အတွက် ယင်းအချက်များကို ထည့်သွင်းစဉ်းစားပြီး ဒုတိယအစီရင်ခံစာကို ထွက်ရှိနိုင်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပထမအစီရင်ခံစာတွင် ကုမ္ပဏီလေးခုမှ ကိန်းဂဏန်းများပေးရာတွင် နောက်ကျခဲ့ခြင်းကြောင့် အကြံပြုတိုက်တွန်းချက်တွင် ပါဝင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။



တင်ပြသော ကိန်းဂဏန်းအချက်အလက်ပြည့်စုံမှု အချက်တွင် သတင်းအချက်အလက်ပြည့်စုံမှုရှိမရှိသည် compliance ဖြစ်မဖြစ်အပေါ် အရေးကြီးကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစိုးရဌာန အဖွဲ့အစည်းများ၏ စာရင်းစစ် အစီရင်ခံစာကို အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အများပြည်သူသိရှိနိုင်ရန် ပြည်ထောင်စုစစ်ရင်း စစ်ချုပ်ရုံး၏ အစီရင်ခံစာများကို ထုတ်ပြန်သင့်ကြောင်း နှင့် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်၊

ကုမ္ပဏီဝင်ငွေခွန် ပေးဆောင်မည့် အခွန်ဆောင်ပြေစာများ ထုတ်ပေးမှု နှောင့်နှေးကြန့်ကြာခြင်းတွင် ဝင်ငွေခွန်ဆောင်မှုများ ပြည်တွင်းအခွန်ဦးစီးဌာန၏ ငွေစာရင်းစနစ်သို့ ရောက်ရန်ကြာခြင်း၊ ငွေကြေးပေးသွင်းပြီး

အနည်းဆုံး တစ်လခန့်ကြာမှ အခွန်ပြေစာရရှိတတ်ခြင်းတို့ကြောင့် အခွန်ပြေစာထုတ်ပေးသည့် အချိန်ကာလ ကြန့်ကြာမှုကို ပြန်လည်သုံးသပ်သင့်ရန် နှင့် လုပ်ငန်းခွင်အားနည်းမှုကို ရှာဖွေဖော်ထုတ်ရန်၊

အစီရင်ခံစာ တင်သွင်းသည့် အချိန်သတ်မှတ်ချက်များတွင် ကုမ္ပဏီ (၄)ခုနှင့် အစိုးရဌာန (၂)ခုဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာန နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တင်သွင်းရာတွင် နောက်ကျသောကြောင့် ကြိုတင်စီမံပြင်ဆင်ရန်၊

အနာဂတ် EITI နယ်ပယ်တွင် စာရင်းတိုက်ဆိုင်စစ်ဆေးစဉ်ကာလအတွင်း ထုတ်လုပ်မှုကို ထည့်သွင်းရန်၊ Gem & Jade မှ ကျောက်မျက်ရတနာပြပွဲသာမက အခွန်ဘဏ္ဍာငွေအားလုံးထည့်သွင်းရန်၊ ပထမအစီရင်ခံစာတွင် သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ (၁၀၈ ရာခိုင်နှုန်း) ၊ ကျောက်မျက်တို့ပါဝင်ခဲ့သည့်အတွက် နယ်ပယ်ချဲ့ထွင်ရန်၊ ရေအားလျှပ်စစ်၊ သစ်တော၊ ငါးလုပ်ငန်းများအား လေ့လာရန်၊ ကုမ္ပဏီမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ သွင်းသည့် အခွန်အခနှင့် နိုင်ငံပိုင်မှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်းသော အခွန်အခများကို စာရင်းဇယား နှင့် တိုက်ဆိုင်စစ်ဆေးရန်၊ Material Thresholds ပမာဏကို လျော့ချရန်၊ ကျောက်မျက်၊ ကျောက်စိမ်း နှင့် အခြားသတ္တုများအတွက် အခြားသင့်လျော်သည့် အရည်အချင်း သတ်မှတ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရန်၊ ရေနံ၊ သဘာဝဓါတ်ငွေ့များအတွက် ပိုက်လိုင်းဖြတ်ခ ဂင်ငွေများကိုပါ ထည့်သွင်းရန်၊ ကုမ္ပဏီများမှ CSR ကို ဖော်ပြရာတွင် လုံးပေါင်းဖြင့် ဖော်ပြလျက်ရှိသောကြောင့် ယင်းအတိုင်းမဟုတ်လဲ စီမံကိန်းလုပ်ကွက်အလိုက် ဖော်ပြရန်၊

အန္တိမအကျိုးအမြတ်ရရှိမှု ကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်ကုမ္ပဏီများ၏ ကုမ္ပဏီ ပိုင်ရှင်များကို သိရှိနိုင်စေရန် ထုတ်ပြန်ရန်၊ ရှယ်ယာဈေးကွက်တင်ရောင်းချသည့် ကုမ္ပဏီ၊ နိုင်ငံပိုင်စီးပွားရေး မဟုတ်သည့် ကုမ္ပဏီပိုင်ဆိုင်မှုကို ဦးစားပေးသင့်ပြီး သင်တန်းများလည်းပေးရန်၊ သင်တန်းများတွင် ဖြည့်သွင်း ရမည့် ပုံစံများကိုပါ တင်ပြပြီး ထုတ်ပြန်ခြင်းကို ပြင်ဆင်နိုင်ရန် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များဖြင့် ပံ့ပိုးပေးရန် ကုမ္ပဏီများနှင့် ညှိနှိုင်းတိုင်ပင်ပြီး မူဘောင်များကို သဘောတူထားရန်လိုအပ်ပြီး ယင်းကိစ္စကို အကောင်အထည်ဖော်ရန် Sub-Committee (CSO, ဥပဒေဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီများ၊ ကျွမ်းကျင်ပညာရှင်များ နှင့် အခြားသက်ဆိုင်သူများ) ပါဝင်ပြီး ဖွဲ့စည်းရန်အတွက် MSG အနေဖြင့် စဉ်းစားသင့်ကြောင်း၊

တပ်မတော်မှ ကျောထောက်နောက်ခံပြုထားသည့် ကုမ္ပဏီကြီးများကိစ္စ နှင့်စပ်လျဉ်း၍ တပ်မတော် ကျောထောက် နောက်ခံပြု ကုမ္ပဏီကြီးများ၏ ဝင်ငွေ၊ ထွက်ငွေ တို့ကို ပွင့်လင်းစွာဖော်ပြရန် နှင့် ယင်းဝင်ငွေကို ဘယ်နေရာတွေမှာ အသုံးချနေသလဲကို ပွင့်လင်းစွာဖော်ပြရန်၊ နိုင်ငံပိုင်လုပ်ငန်းများကဲ့သို့ မှတ်ယူ ဆောင်ရွက်ရန် အောက်ပါအချက်များ ထုတ်ပေးရန်လိုအပ်ကြောင်း

- အစိုးရနှင့် ဘဏ္ဍာရေးဆက်နွယ်မှု၊ လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ

- သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများရှိ Beneficial Ownership အခြေအနေ
- နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းသို့ ပေးသွင်းမှုနှင့် ပံ့ပိုးမှုများ။
- Quasi-fiscal expenditures
- နိုင်ငံအတွင်းလုပ်ကိုင်နေသည့် တူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့် ပုဂ္ဂလိကများသို့ ချေးငွေပေးခြင်း၊ ချေးငွေဆိုင်ရာ အာမခံပေးခြင်းနှင့် အခြားငွေပေးငွေယူကိစ္စရပ်များ

တွင်းထွက်သယံဇာတများ ထုတ်ယူသည့် လုပ်ငန်းများနှင့် ပတ်သက်သည့် စာရင်းအင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းတွင် တရားဝင်ထုတ်ပြန်ပေးရန်လိုအပ်သည့်သတင်းအချက်အလက်များ နှင့် လက်ရှိတွင် စာရင်း၊ သတင်း အချက်အလက်အားလုံးကို စုစည်းထားသော Database မရှိသည့်အတွက် စာရင်းကွဲပြားမှုရှိနေကြောင်း၊ ဆက်စပ်သတင်း အချက်အလက်များကို တစ်နှစ်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေသင့်ကြောင်း၊ နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ဖြစ်စေမှု အခြေအနေ၊ မဟာဗျူဟာ၊ သက်ဆိုင်သည့် အဖြစ်အပျက်များ၊ အချက်အလက်များ၊ လက်ရှိလုပ်ထုံးလုပ်နည်းများနှင့် နောင်တွင် ပြုလုပ်မည့် အပြောင်းအလဲများကို ထည့်သွင်းထုတ်ပြန်ရန်။

လိုင်စင်များ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်မှတ်ပုံတင်စနစ် (သို့) ၊ EITI အစီရင်ခံစာပါ ကုမ္ပဏီများ၏ အချက်အလက်များပါသော မှတ်ပုံတင်စနစ်တစ်ခုရှိရန်လိုအပ်ကြောင်း နှင့် အားနည်းချက်များအနေဖြင့် အင်တာနက်မှ ကြည့်ရှုရန် အခြေအနေမရှိခြင်း၊ လုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများကို ကွန်ပျူတာစနစ်တွင် ထိန်းသိမ်းထားခြင်းမရှိခြင်း၊ စာရွက်ကိုသာ အခြေခံသော စနစ်ဖြစ်ခြင်း နှင့် လိုင်စင်များ၏ နံပါတ်စဉ်ပေးသည့် စနစ်တွင် စနစ်တကျ ကြိုတင်နံပါတ်များ ဖြင့် သတ်မှတ်ထားခြင်းမရှိသည်ကိုတွေ့ရကြောင်း၊

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးစာရင်း (ဘတ်ဂျက်) ကျယ်ပြန့်မှုနှင့် ပွင့်လင်းမြင်သာမှုအပိုင်းတွင် ငွေသားအနေဖြင့် (သို့) ငွေကြေးမဟုတ်သည့် အကူအညီများဖော်ပြသင့်ကြောင်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တွင်းထွက် သယံဇာတ တူးဖော်ရေးမှ ရရှိသည့် ဝင်ငွေကို သီးခြားဖော်ပြ ထားခြင်းမရှိသည်ကိုတွေ့ရကြောင်း နှင့် EITI စံနှုန်းလိုအပ်ချက် ၃.၆ အရအခြားငွေစာရင်းများကို ဖော်ပြရန်၊

EITI အစီရင်ခံစာ တင်ပြခြင်း လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ခြင်းတွင် EITI အစီရင်ခံစာ တင်သွင်းမှု ဆိုင်ရာနှင့် ပတ်သတ်သည့် ဝတ္တရားများ၊ လုပ်ငန်းစဉ်များအား ကျယ်ပြန့်စွာ ဖော်ပြရန် နှင့် လက်ရှိကျင့်သုံးနေသော ဥပဒေများနှင့် လိုက်လျောညီထွေရှိစေမည့် EITI ဥပဒေအား ရေးဆွဲနိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်ရန်၊

လိုင်စင်များ ခွဲဝေချထားပေးခြင်းတွင် လိုင်စင်ချထားပေးသော လုပ်ငန်းစဉ်အား ပြန်လည်သုံးသပ်ရန် နှင့် ပွင့်လင်းမြင်သာမှုရှိရန်၊

ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေး စာချုပ်များ (PSCs) မှ လျှို့ဝှက်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ကိုင်သူတို့၏ လုပ်ငန်းများနှင့်ဆက်စပ်သည့် သတင်းအချက်အလက်များအား ထုတ်ပြန်ရန် ဟန့်တားထားသော ပြဋ္ဌာန်းချက်များရှိနေသည်ကို တွေ့ရကြောင်း၊

ဒေသန္တရ အဆင့်တွင် ပွင့်လင်းမြင်သာမှုကို အားကောင်းအောင်ပြုလုပ်ခြင်းကဏ္ဍတွင် တရားမဝင်သတ္တုတူးဖော်ခြင်းများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများအား ဟန့်တားခြင်းဆိုင်ရာ စောင့်ကြည့်ရေးယန္တရားများ တည်ဆောက်လာရန် ဆောင်ရွက်ရာတွင် တိုင်းနှင့်ပြည်နယ်အလိုက် ပြဿနာများကို ဖြေရှင်းနိုင်မည့် Sub National Coordination Units များဖွဲ့စည်းရန်၊ လက်ရှိသတ္တုတွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ကိုပြန်လည်သုံးသပ်ခြင်း နှင့်လိုအပ်လျှင် မွမ်းမံပြင်ဆင်ရန်၊ အုပ်ချုပ်မှုစနစ်ပိုမိုကောင်းမွန်ပြီး ဝင်ငွေများကို ဗဟိုနှင့် မျှတစွာခွဲဝေသုံးစွဲသည့် စနစ်တစ်ခု ထူထောင်ပေးရန် နှင့် ပြည်နယ်နှင့် တိုင်းအဆင့် ဒေသဆိုင်ရာ EITI အဖွဲ့များ ထူထောင်ပေးရန် စသည်တို့ကို EITI Interantional Boards အဖွဲ့မှ အကြံပြုခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ၎င်းမှ ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်း ဝန်ကြီးဌာနတို့ကို ယင်းအကြံပြုချက်များအား တင်ပြရမည်ဖြစ်ပြီး ၎င်းဌာနတို့မှလည်း နှစ်စဉ်တိုးတက်မှု အစီရင်ခံစာများတင်ပြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနမှ ပြင်ထားသည့် တိုးတက်မှုအစီရင်ခံစာများကို ယခုလက်ရှိတွင် Interanational boards အဖွဲ့သို့တင်ပြထားပြီး ၎င်းတို့၏ အကြံပြုချက်များကို စောင့်ဆိုင်းလျက် ရှိကြောင်း နှင့် ဒုတိယအကြိမ် EITI အစီရင်ခံစာကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးစီးရန် နှင့် ယင်းအကြံပြုချက်များအတိုင်း ဆောင်ရွက်နိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ရမည့် အချက်များရှိကြောင်း၊ ၂ နှစ် စာဆောင်ရွက်ရမည် ဖြစ်သည့်အတွက် အချိန်အကန့်အသတ်ရှိကြောင်း၊ အစီရင်ခံစာ၏ သဘောတရားအရ နှစ်စဉ်တိုးတက်မှုရှိရန် လိုအပ်ကြောင်း နှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဦးဆန်းဝင်းမှ အစိုးရဌာနများအတွက် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ယခုနှစ်အတွက် Margin of error ကို ၅ ရာခိုင်နှုန်းအထိသတ်မှတ်ထားကြောင်း၊ ယခုနှစ်အတွက် ဘာကြောင့် ၂ နှစ်စာတင်သွင်းရသလဲဆိုလျှင် ၂၀၁၇ ခုနှစ်အတွက် ၂၀၁၅ ကိန်းဂဏန်းများကို တင်ရကြောင်း၊ တစ်နှစ်စာနောက်ကျခဲ့သည့်အတွက် ၂၀၁၈ ခုနှစ် မတ်လတွင် ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ် တို့အတွက် တင်ပြပေးရခြင်း ဖြစ်ကြောင်း၊ ကုမ္ပဏီပင်ငွေခွန် ပေးဆောင်မည့် အခွန်ဆောင်ပြေစာများ ထုတ်ပေးမှု နှောင့်နှေးကြန့်ကြာခြင်းတွင် *IRD တွင် အခွန်ပြေစာမရှိကြောင်း၊ ချလန်ကိုသာ အခွန်ပြေစာအနေဖြင့် အသုံးပြုကြောင်း၊ အခွန်ရုံးမှ ချလန်တစ်စောင်၊ အခွန်ထမ်းမှ ချလန်တစ်စောင် နှင့် ဘဏ်မှ ချလန်တစ်စောင် ယူကြောင်း* Other account (OA) အတွက် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ယခင်နှစ်က IA ကိုအစိုးရပိုင်းမှ သေချာအောင် မရှင်းလင်းနိုင်ခဲ့သည့်အတွက် နားလည်မှုလွဲမှားပြီး ပါဝင်လာခြင်းဖြစ်ကြောင်း၊ စာရင်းစစ်ချုပ်ရုံးနှင့် စပ်လျဉ်း၍ ၎င်းတို့အနေဖြင့်

ကိန်းဂဏန်းအချက်အလက်များကို ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး (သို့) နိုင်ငံတော်သမ္မတ၏ အမိန့်စာနှင့်သာ ထွက်ရှိနိုင်ခြင်းကြောင့် ယင်းကဲ့သို့အကြံပြုချက်တွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြည်ထောင်စု စာရင်းစစ် ဥပဒေကို ပြင်ဆင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အစိုးရကဏ္ဍမှဆောင်ရွက်နေသည်များကို သိရှိစေရန်အတွက် တင်ပြခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ဒေါ်တာရာမောင်မှ အကြံပြုချက်နံပါတ်ငါးဖြစ်သည့် အွန်တိမအကျိုးအမြတ်ရရှိမှု နှင့်စပ်လျဉ်း၍ အီးအိုင်တီအိုင်စံနှုန်းအရ ပါဝင်ရခြင်းဖြစ်ပြီး ယင်းကိုနိုင်ငံတိုင်းမှ အဓိပ္ပာယ် ဖွင့်ဆိုရပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံတိုင်းမှ ထည့်သွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ BO consultant ကို ငှားရန်းစီစဉ်နေကြောင်း၊ ၎င်းမှ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့်၊ ဥပဒေများနှင့် ကိုက်ညီသည့် BO အဓိပ္ပာယ်ကို ဖွင့်ဆိုမည်ဖြစ်ပြီး အစီရင်ခံစာတင်သွင်းသည့် အချိန်မီစေရန်အတွက် သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့များ၏ သဘောတူညီချက်ဖြင့် BO အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြိုတင်ဖွင့်ဆိုထားခဲ့ကြောင်း၊ ဒုတိယအစီရင်ခံစာတွင် Beneficial Ownership သည် template တစ်ခုအဖြစ်ပါဝင်လာမည်ဖြစ်ကြောင်း နှင့် beneficial ownership (BO) အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် politically exposed person (PEP) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းလင်းခဲ့ပြီး domestic PEPs၊ Foreign PEPs နှင့် နိုင်ငံတစ်ကာအဖွဲ့အစည်းများ၏ PEPs တွင်ပါဝင်နိုင်သည့် သူများအနေဖြင့် မည်သည့်အဆင့်ရှိရမည်ကို ရှင်းလင်းခဲ့ပါသည်။

ကျောက်မျက်ကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် အောက်တိုဘာလ (၃) ရက်နေ့တွင် template training ကိုကျင်းပလျှင် တက်ရောက်ပေးကြပါရန် နှင့် တောင်းခံသည့်ဒေတာများကိုလည်း အချိန်မီပေးပို့နိုင်ရန် ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့ပါသည်။

MEITI တွင် အမြဲတမ်းအဖွဲ့ဝင် မဖြစ်သေးသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကောင်းကောင်း မဝင်သေးကြောင်း နှင့် အရည်အသွေးပြည့်မီသည့် အစီရင်ခံစာကို အချိန်မီထွက်ရှိပေးနိုင်မှသာလျှင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာပြီး အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှင့် ပြည်သူများအတွက် အကျိုးအမြတ်ရရှိမည် ဖြစ်ကြောင်း၊ ယင်းအတွက် EITI လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မေးမြန်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အမေး - ကျောက်မျက်ကဏ္ဍမှ၂ ရက်နေ့ နှင့် ၃ ရက်နေ့တွင် လာတက်လျှင် ဘာတွေကြိုတင်ပြင်ဆင် ထားရမလဲ။ ဘက်ဂျက်အဖွဲ့ကို ခေါ်လာဖို့လိုသလား သိချင်ကြောင်း မေးမြန်းခဲ့ပါတယ်။ အသေးစိတ်ပြင်ဆင်ဖို့ လမ်းညွှန်ပေးရန် ပြောကြားခဲ့ပါတယ်။

အဖြေ - အောက်တိုဘာလ ၃ ရက်နေ့တွင် ယင်းသင်တန်းကို ကျင်းပမည်ဖြစ်ပြီး အမှန်တစ်ကယ် ဒေတာဖြည့်သွင်းမည့်သူများ တက်ရောက်ပေးရန်၊ ၂၀၁၄ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၆ မတ်လ ၃၁ ရက်နေ့အထိ

၂ နှစ်စာ ကုမ္ပဏီများမှ ပေးသွင်းထားသည့် အခွန်များကို ဖော်ပြပေးရမည်ဖြစ်ကြောင်း၊ အခွန်ကို လုံးပေါင်းမဟုတ်ဘဲ အသေးစိတ်ဖော်ပြပေးရန် (ဥပမာ- Custom duty, commercial tax, coporate income tax) ယင်းတို့ကိုသေးချာဖော်ပြပေးရန်၊ ဘယ်ဌာနကို ဘယ်လောက်ပမာအထိ ပေးအပ်ပြီးလဲကို အသေးစိတ်ဖော်ပြရန် နှင့် ထုတ်လုပ်မှုအပိုင်းပါပါဝင်လာပြီး ဘယ်လောက်ပမာထုတ်လုပ်ပြီး အခွန် ဘယ်လောက်ပေးသလဲဖော်ပြပေးရန် နှင့် CSR အတွက် အသုံးစရိတ်များအား အသေးစိတ်ဖော်ပြပေးခြင်း အပြင် In-kind ပမာဏာများ၊ ပိုင်ဆိုင်သည့် အဆောက်အဦးများ ကိုဖော်ပြပေးရန် နှင့် ယင်းတို့ကို template ထဲတွင်ထည့်သွင်းဖော်ပြပေးရမည့်ဖြစ်သည့်အတွက် ဆရာတို့အနေနှင့် ဘယ်သူတွေတက်ရမလဲကို ပိုသိမည်ထင်ကြောင်း၊ ယင်းအချက်အလက်များကို ၎င်းတို့ကိုယ်တိုင် စစ်ဆေးပြီး လက်မှတ်ရေးထိုးရမည့် သူများ/ အဆင့်များကို သတ်မှတ်ထားကြောင်း နှင့် ယင်းအချက်အလက်များကို NCS ရုံးသို့ပေးပို့ရမည်ဖြစ်သည့်အတွက် ကုမ္ပဏီများကို follow up လိုက်ရန်အတွက် ကုမ္ပဏီများ၏ အဓိကဆက်သွယ်ရမည့်သူများ၊ လိပ်စာများကို ရေးပေးစေချင်ကြောင်း၊ ယခုနှစ်တွင် field visit ပါဝင်သည့်အတွက် ဖားကန့်ဒေရိယာကို ရွေးထားပြီး ကုမ္ပဏီကိုတော့မရွေးရသေးကြောင်း၊ ယင်းကို IA မှ စစ်ဆေးမည်ဖြစ်ပြီး ယင်းကုမ္ပဏီကို ရွေးချယ်ရာတွင် Material Threshold ဖြတ်ရာတွင်ပါဝင်သည့် ဒေတာများအားလုံးကို ပြရန်အဆင်သင့်ဖြစ်နေသည့် ကုမ္ပဏီကို ရွေးချယ်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီများဘက်မှ ပြောပြပေးနိုင်လျှင် ပို၍အဆင်ပြေမည်ဖြစ်ကြောင်း၊ အချိန်ကာလအနေဖြင့် ၂ နှစ်စာဆောင်ရွက်ရမည်ဖြစ်ပြီး ဒေတာဖြည့်ရန် တစ်လသာရရှိသည့်အတွက် ကုမ္ပဏီတစ်ခုချင်းစီမှ ပြီးလျှင် အမြန်ဆုံးပေးပို့ပေးနိုင်လျှင် အဆင်ပြေကြောင်း၊ ယင်းတို့အားလုံးပြီးမှ IA မှ အစီရင်ခံကို မတ်လမတိုင်မီ ထွက်ရှိရမည်ဖြစ်ပြီး ယင်းကို သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ အတည်ပြုပေးပြီး International Secretariat သို့တင်ပို့မည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

NCS အနေဖြင့်မေတ္တာရပ်ခံချင်သည်မှာ reporting training ပြီးလျှင် သတင်းအချက်အလက်များကို တက်နိုင်သမျှ မှန်မှန်ကန်ကန် နှင့် အချိန်မီပေးပို့ပေးပါရန် ပြောကြားခဲ့ပါသည်။

အမေး - ယခုနှစ်အတွက် Materail Threshold နှင့် စပ်လျဉ်း၍ သိချင်ကြောင်း မေးမြန်းခဲ့ပါတယ်။

အဖြေ - ၂၀၁၃-၁၄ အတွေ့အကြုံအရ ရေနံ နှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍကို ၁၀၀ ရာခိုင်နှုန်းပါဝင်ကြောင်း၊ ကျောက်စိမ်းကျောက်မျက်ကဏ္ဍကို 10 billions သတ်မှတ်ပြီး ကုမ္ပဏီပေါင်း ၂၀ ပါဝင်ပြီး သတ္တုကဏ္ဍ နှင့်စပ်လျဉ်းပြီး 0.25 billion သတ်မှတ်ထားပြီး ကုမ္ပဏီပေါင်း ၁၄ ခုကျော်ပါဝင်ခဲ့ကြောင်း၊ ယခုနှစ်အတွက် Materail Threshold ကို အောက်တိုဘာလ ၂ ရက်နေ့တွင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ နိုင်ငံများမှ ပုံစံအမျိုးမျိုးအပေါ် မူတည်ပြီးသတ်မှတ်ကြောင်း၊ အချို့မှ production အပေါ် မူတည်ကြောင်း၊ အချို့က revenues အပေါ် မူတည်ပြီးသတ်မှတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် revenues အပေါ် မူတည်ပြီး သတ်မှတ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးမှ ကုမ္ပဏီများကို ဖိတ်ကြားမည်ဆိုလျှင် တစ်ပတ်ခန့် ကြိုတင်အကြောင်းကြားပေးရန် နှင့် နိုင်ငံခြားသားများအတွက် translation devices စီစဉ်ပေးရန် အကြံပြုပြောကြားခဲ့ပါသည်။

ယခုပွဲအတွက် NCS အနေဖြင့် စက်တင်ဘာလ ၁၈ ရက်နေ့ကတည်းက ကုမ္ပဏီများကို ဖိတ်ကြားရန် ဖိတ်စာပေးပို့ခဲ့သော်လည်း ဖိတ်ကြားရမည့် ကုမ္ပဏီများစာရင်းကို မရရှိသေးဘဲ လွန်ခဲ့တဲ့ရက်ကမှ IA ဆီမှ ကုမ္ပဏီများစာရင်းကို ရရှိခဲ့သောကြောင့် နောက်ကျခဲ့ခြင်းဖြစ်ကြောင်း နှင့် အောက်တိုဘာလ (၃) ရက်နေ့အတွက် ဌာနမှကုမ္ပဏီများကို ဖိတ်ကြားပေးမည်ဖြစ်ပြီး ယခုကတည်းကစတင်ဖိတ်ကြားနေပြီဟု သိရကြောင်း နှင့် interpreters များလည်းစီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။

## ၈။ နောက်ဆက်တွဲများ

### ၈.၁။ နောက်ဆက်တွဲ (၁) အခမ်းအနားအစီအစဉ်

**မြန်မာ့ EITI လုပ်ငန်းစဉ်နှင့် အစီရင်ခံစာအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်**

| အချိန် | အကြောင်းအရာ | ဦးဆောင်ဆွေးနွေးမည့်သူ |
|---|---|---|
| ၉:၀၀ - ၉:၃၀ | ကြိုဆိုနှုတ်ခွန်းဆက်ခြင်း၊ မိတ်ဆက်ခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်း | ဦးထွန်းဝေါ်ဦး |
| ၉:၃၀ - ၁၀:၀၀ | အီးအိုင်တီအိုင်အကြောင်းသိနားလည်စေရန် နှင့် ၎င်း၏ လုပ်ငန်းစဉ် (အချိန်ဇယား) အား ရှင်းလင်းတင်ပြခြင်း။<br>တက်ရောက်လာသူများမှ မေးမြန်းဆွေးနွေးခြင်း။ | ဦးဆန်းဝင်း |
| ၁၀:၀၀ - ၁၀:၃၀ | ၂၀၁၆ အီးအိုင်တီအိုင် စံနှုန်းများအကြောင်း ရှင်းလင်းတင်ပြခြင်း။<br>တက်ရောက်လာသူများမှ မေးမြန်းဆွေးနွေးခြင်း။ | ဒေါ်တာရာမောင် |
| **၁၀:၃၀ - ၁၁:၀၀** | **ကော်ဖီသောက်နားခြင်း** | |

| | | |
|---|---|---|
| ၁၁:၀၀- ၁၂:၀၀ | ပထမအကြိမ် MEITI အစီရင်ခံစာအတွက် အကြံပြုချက်များအား ရှင်းလင်းတင်ပြခြင်း နှင့် ယခုနှစ်တွင် ဆုံးဖြတ်အတည်ပြုထားသည့် ထည့်သွင်းမည့်အချက်များအား တင်ပြဆွေးနွေးခြင်း။ တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်း။ | ဒေါ်တာရာမောင် |
| ၁၂:၀၀ - ၁၂:၃၀ | ကြိုတင်ပြင်ဆင်မှုများအတွက် ညှိနှိုင်းခြင်းနှင့် ဆက်သွယ်ရမည့် ကိုယ်စားလှယ်များ စာရင်းရယူခြင်း နှင့် ဆွေးနွေးပွဲအား အဆုံးသတ်ခြင်း | ဒေါ်တာရာမောင် |